

မေကျကိုင်း
တက်တူးဂဲလ်

(A)

“ဒီမှာ သမီး... မိန်းမတစ်ယောက်မှာ ကောင်းခြင်းငါးဖြာရှိတယ်။ အဲဒါတွေကတော့ ဆံပင်ရဲ့ ကောင်းခြင်း၊ အသားအရေရဲ့ ကောင်းခြင်း၊ အသံရဲ့ ကောင်းခြင်း၊ အရိုးရဲ့ ကောင်းခြင်း၊ အရွယ်ရဲ့ ကောင်းခြင်းတွေပဲ။ ဒါပေမယ့် အဲဒီ ကောင်းခြင်းငါးဖြာ ရှိရုံနဲ့ မိန်းမကောင်း မိန်းမမြတ် မဖြစ်လာနိုင် ဘူး။ အရေးကြီးတာက ယောကျ်ားမှာ လက်ရုံး၊ မိန်းမမှာ နှလုံးတဲ့”

“ဟင်... ဖေဖေကလည်း မိန်းမမှာ နှလုံးမှ မရှိတာ”

“ဒါပေ့ါ... ငါ့သမီး တော်တယ်၊အဲ... ဟုတ်ပါဘူး။ ဘာတွေပြောနေတာလဲ သမီး”

“ဖေဖေပဲ မနေ့က မေမေ့ကို ပြောတယ်လေ၊ နှလုံးသားမရှိတဲ့ မိန်းမတဲ့။ အဲဒီ တော့ မိန်းမတွေမှာ နှလုံးမရှိဘူး မဟုတ်လား”

သမီးဖြစ်သူ၏ စကားကြောင့် အဖေခမျာ အကျပ်ရိုက်ပြီး လှည့်ပြောရတော့သည်။

“သမီး အမေကတော့ ဖေဖေဆုံးမလို့မရတဲ့ မိန်းမမျိုးထဲမှာပါတော့ သူ့အကြောင်းကို မပြောနဲ့ သမီး၊ ဖေဖေပြောမှာ သမီးလေးစံပြုရမယ့် ဝိသာခါတို့လို သုဇာတာတို့လို မိန်းမကောင်း မိန်းမမြတ်တွေ အကြောင်း ပြောမှာ”

“ဟုတ်ကဲ့ ပြောပါ ဖေဖေ။ သမီး အိပ်ပြီး နားထောင်နေပ့ါမယ်”

“တယ်... ဒီကောင်မလေး အရေးကြီးတဲ့စကား ပြောမှာကို အိပ်ပြီး နားထောင်မယ်တဲ့။ သူ့ အမေအချိုးတွေ လုပ်လာပြန်ပြီ”

“မေမေက ဘယ်လိုချိုးလို့လဲဟင်”

“အကျိုးချွတ်ချိုးတာပေ့ါ... ဩော်... ငါတောင် ယောင်ကုန်ပြီ ညည်းအမေက ငါ့ကို သူ့ဖဲဝိုင်း မှာ ချိုးနေကြအတိုင်း

ကုလားတစ်ကောင်နဲ့ကပ်ချိုးသွားတာ… တောက်”

“ရှင် ကလေးကို ဘာတွေ သွေးထိုးနေတာလဲ”

သူ့မိန်းမအကြောင်း အတင်းပြောနေစဉ် ပြန်ရောက်လာ၍ ဦးနေမျိုး စကားကို လျှောချလိုက် သည်။

“ငါ သမီးကို မိန်းမကောင်း မိန်းမမြတ် တစ်ယောက်ဖြစ်အောင် သင်ပေးနေတာ”

“ကလေးက အခုမှ ဆယ့်တစ်နှစ်ပဲ ရှိသေးတာ။ ဘာ နားလည်မှာလဲ။ ရှင် တကယ်သင်ချင် တာ ကျွန်မကို မဟုတ်လား”

ဇနီးဖြစ်သူ၏ ဒက်ထိအမေးကြောင့် ဦးနေမျိုး မငြင်းတော့။

“ဒါကတော့ ကလေးတစ်ယောက် စာရိတ္တကောင်းလာမယ် မကောင်းလာဘူးဆိုတာ မိခင်ပေါ်မှာ မူတည်တယ်လေ။ ငါပြောတာ မဟုတ်ဘူး။ ကမ္ဘာကျော် စစ်သူကြီး နပိုလီယံ ပြောခဲ့တာ”

“ဒါဆို ကျွန်မကလည်း ပြန်ပြောမယ်။ မိန်းမတွေရဲ့ သဘာဝကို ယောကျ်ားတွေက တဖြည်းဖြည်း အသက်ကြီးပြင်းလာမှသာ သိနားလည်လာကြသည်တဲ့။ သက္ကရေး ပြောခဲ့တာ”

“ဟ… ငါက ကလေး မဟုတ်ဘူးကွ။ ဒီထက်ကြီးလာရင် ဘိုးဘွားရိပ်သာရောက်ဖို့ပဲ ရှိတော့ တယ်။ ခုဟာက မင်း ငါ့ကွယ်ရာမှာ ဖိုးတုတ်ဆိုတဲ့ ကောင်နဲ့တွဲနေတာကို ပြောချင်တာ။ ငါ ဘယ်လို နားလည်ပေးရမှာလဲ”

“ဒါက အလုပ်သဘောပါ”

“ဘာ… အလုပ်သဘော ဟုတ်လား။ အလုပ်သဘောဆိုတော့ မင်းက သူ့ဆီသွားပြီး”

"ရှင် မမိုက်ရိုင်းနဲ့နော်၊ ကျွန်မ သူ့ဆီက ငွေတွေ ဘယ်လောက်ချေးထားသလဲဆိုတာ ရှင် လည်း သိသားနဲ့"

"ဒီမှာ... သန္တာ မင်းချေးထားတဲ့ ငွေတွေက ဖဲဝိုင်းမှာ ကုန်သွားပြီဆိုတာပါ ထည့်ပြောလိုက် လေ။ အခု အဲဒီ ကောင်က မင်းရဲ့ စပွန်ဆာဖြစ်နေပြီ မဟုတ်လား"

ဦးနေမျိုးစကားကြောင့် ဒေါ်သန္တာ ပို၍ ရွဲ့ လိုက်သည်။

"ဟုတ်တယ်... အဲဒီ ကိုဖိုးတုတ်က နွားဆယ်ကောင်နဲ့ ခြံတစ်ခြံပိုင်တယ်။ ကျွန်မကို ရှင် ဘာ ပေးနိုင်လဲ။ စပွန်ဆာပေးဖို့ နေနေသာသာ မနက်ခင်း ဝယ်စားတဲ့ စမူဆာတောင် ဘယ်သူ့ပိုက်ဆံနဲ့ လဲဆိုတာ နဖူးပေါ် ခြေထောက်တင်ပြီး စဉ်းစားကြည့်လိုက်ပါဦး

"တောက်"

ဒေါ်သန္တာ၏ စကားကြောင့် ဦးနေမျိုး မီးခဲပေါ် တက်ထိုင်မိသော မျောက်မကြီးလို ဆွေ့ဆွေ့ ခုန် သွားသည်။

သမီးလေး ဆိုဖီယာကတော့ မျက်နှာငယ်လေးနှင့် နှစ်ယောက်လုံးကို တောင်းပန်ရှာသည်။

"ဖေဖေ... မေမေ့ကို မပြောပါနဲ့တော့နော်... သမီး တောင်းပန်ပါတယ်။ မေမေလည်း ဒီလူနဲ့ မတွဲနဲ့တော့နော်

ဦးနေမျိုးက သမီးမျက်နှာကို တစ်ချက်ကြည့်ပြီး သူ့မိန်းမဘက်လှည့်ကာ ကြိမ်းသည်။

"ငါ သမီးလေးမျက်နှာ ရှိနေလို့နော်။ မဟုတ်လို့ကတော့ နှစ်ယောက်လုံးကို သတ်ပြီး ကြိုးစင် တက်တယ်"

ဒေါ်သန္တာက အမြင်ကတ်စရာ မျက်နှာသေးနှင့်

“ကြိုးစင်မတက်ခင်မှာ ကျွန်မကို အရင် ဆွဲကြိုးတစ်ကုံးလောက်တော့ ဆင်ခဲ့ပါလားဟင်။ ရှင်နဲ့ ညားပြီးတည်းက ကျွန်မ ရွှေမမြင်ဖူးလို့ပါ။ ပိုက်ဆံမရှိဘူးဆိုရင်လည်း ရှင့်ရဲ့ ရောင်းမစွံတဲ့ ပန်းချီ ကားကြီးတွေ လမ်းဘေးမှာ ချရောင်းပြီး အတုလောက်တော့ လုပ်ပေးပေါ့”

ဤကဲ့သို့ ပြောလိုက်သောအခါ ဦးနေမျိုး မာနတွေ အထွင့်အထိပ် ရောက်သွားလေသည်။

“ဟာ... မင်းကွာ”

သူ့အနုပညာကို စော်ကားခံလိုက်ရသဖြင့် မိန်းမမျက်နှာကို လက်သီးနှင့် ရွယ်ပြီးကာမှ ဟိုက ပြန်လုပ်မည်စိုးသောကြောင့် ဒေါသကို အိမ်ရှေ့တံခါးနားမှာ အိပ်နေသော ဘာမှမဆိုင်သည့် ကြောင်မလေးရွှေဝါပေါ် ဦးတည်လိုက်လေသည်။

“တောက်... ကျက်သရေမရှိတဲ့ ကြောင်မ... ကဲကွာ”

ဦးနေမျိုး ကံဆိုးပါသည်။ ဒေါသတကြီး ကြောင်မလေးကို ပြေးပြီးကန်ရာ ခြေထောက်ပင် မရွယ်ရသေး။ အိမ်ပေါက်ဝက ခြေသုတ်ခုံကိုတက်နင်းမိပြီး ချောကာ မှောက်ရက်လဲ၍ အိမ်အောက် ကို ခေါက်ထိုးကျလေသည်။

“အား”

ကံများ ထပ်ဆိုးချင်တော့ အိမ်အောက်မှာ ပက်လက်လန်နေသော ပေါက်တူးပေါ် ဝမ်းဗိုက် ကအပ်လျက်သား။

“ဖွပ်”

“ဖေဖေ ”

*

## (B)

"ဟင့်...ဟင့်"

"ရေသူမ... မျက်နှာလည်း မကောင်းပါလား.... ဟင် နင် ငိုနေတယ် ဘာဖြစ်လို့လဲ"

သူငယ်ချင်းဖြစ်သူ လင်းပိုင် ရောက်လာ၍ ဆိုဖီယာ အငိုရပ်သွားသည်။

"လပိုင် နင် ရောက်လာပြီနော်... ငါ ဒီနေ့ ကစားချင်စိတ် မရှိတော့ဘူးဟာ"

"ဘာဖြစ်လို့လဲဟ၊ ငါတို့ ဒီနေ့ လင်မယားလုပ်တမ်း ကစားကြမယ် ပြောထားတာလေ။ ငါ ကော်ပတ်ရုပ်လေးတွေတောင် ယူလာတယ်။ ငါတို့ ကလေး လုပ်ဖို့ပေါ့"

"ငါ့အဖေ ဆုံးသွားပြီဟ.... ဟင့်"

ဆိုဖီယာက ပြောပြီး တစ်ချက်ရှိုက်လိုက်သည်။

"ဟင်... ဘယ်လိုဖြစ်တာလဲ၊ နင့်အဖေမှာ ရောဂါရှိတယ်လို့လည်း ငါ မကြားမိပါဘူး"

"ရောဂါကြောင့် မဟုတ်ဘူးဟ၊ ငါ့အမေနဲ့ ရန်ဖြစ်ပြီး အိမ်ပေါက်ဝက ကြောင်မလေးကို ဒေါသထွက်ထွက်နဲ့ ပြေးကန်တာ၊ ချော်လဲပြီး အိမ်အောက်ပြုတ်ကျတော့ အောက်မှာပက်လက်လန် နေတဲ့ ပေါက်တူးရှပြီး ဆုံးသွားတာ"

"သနားပါတယ်ဟာ... ဒါဆို နင့်အဖေဆုံးတာ အဲဒီ ကြောင်မကြောင့်ပေါ့"

“ဟာ…ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့ဟ၊ အဲဒီ ကြောင်မသာ သူ့ဘေးနားမှာ အကန်ခံဖို့ အဆင်သင့်ရှိနေရင် အခုလို ဖြစ်မှာ မဟုတ်ဘူးလေ။ အခု ကြောင်မက အိမ်ရှေ့ ပေါက်ဂရောက်နေတော့ နင့်အဖေ အရှိန်လွန်ပြီး ပြုတ်ကျတာပေါ့”

“ငါ့အဖေ အခုလို ဖြစ်တာ ငါ့အမေနဲ့တွဲနေတဲ့ ဦးဖိုးတုတ်ကြီးကြောင့်ဟ၊ သူ့ကြောင့် ငါ့အဖေ က ငါ့အမေနဲ့ ရန်ဖြစ်ပြီး အခုလို ဖြစ်တာ။ ငါ သူ့ကို လုံးဝ မကျေနပ်ဘူး”

“ပြီးခဲ့တဲ့ ကိစ္စတွေကို မေ့လိုက်ပါတော့ဟာ၊ မနက်ဖြန် ဆရာမက ငါတို့ကို ပန်းငွေမိကျောင်း ကဗျာလေး အလွတ်ဆိုခိုင်းမှာ နင် ပြန်ကြည့်ပြီးပြီလား”

“အဲဒီ ကဗျာက ဆရာမ ခဏခဏမေးလို့ ငါ ကျေနေပါပြီဟာ၊ နင်ကော ရရဲ့ လား”

“ရတာ ပေါ့ဟ၊ အဲဒီ ကဗျာက ခက်လည်းခက်၊ ရှုပ်လည်း ရှုပ်ပြီးတော့ စာမေးပွဲမှာလည်း ပါနိုင် လို့ ဆရာမက ခဏခဏ မေးတာ၊ ငါ သေချာကျက်ထားပြီးပြီ၊ နင် နားထောင်မလား”

“ဟင့်အင်း… ငါ အရင်ဆိုမယ်၊ နင် နားထောင်”

“အေး… ဒါဆိုလည်း ပြီးရော”

ဆိုဖီယာလေးက ပါးပေါ်က မျက်ရည်တွေကို သုတ်ပြီး လင်းပိုင်(ခေါ်)လပိုင်အား သူ အလွတ် ကျက်ထားသည့် ပန်းငွေမိကျောင်း ကဗျာလေး ရွတ်ပြလိုက်သည်။

“နီနံ့သာဖြူ အတော်ဖက်ပါလို့၊

သည်အငူမော်အတက်မှာလှ၊

ကျောက်ကရမက်ကယ်က မွှေးလှတယ်။

ဂိမ်အကူးပေမို့ ချိန်ဦးဂသန်မှီလို့

ဟန်ချီချီ ပျံပုရစ်တွေက

ဖူးလှစ်စသွယ်။

ရပ်မြေပြင်သည်အလှည့်မှာတော့

ခတ်ရွှေရင် ပလီခဲ့တာမို့

ယဉ်နွဲ့နွဲ့ ခိုင်စံပယ်ငယ်

မြိုင်လယ်မှ ကြိုင်လှောင်း။

ခပေါင်းပင် နှာမောင်းလိမ်လည်တင်လို့

ကြိမ်နွယ်သွင် တစ်မည်ရှိပေငဲ့

လေနှင်ရာ ငွေစင်အိသကဲ့သို့

နှစ်အခြေ ခေတ်ရေထိပြန်တော့

ချောင်ငူမှာ တောင်သူကို သိရန်ဖို့

ဆန်းပွေးဘိတောင်းတဲ့မှ

ပန်းငွေမိကျောင်း”

ဆိုဖီယာလေး၏ ကဗျာရွတ်သံ ဆုံးသွားသောအခါ ဆရာမက ပြုံး၍ ချီးကျူးလိုက်သည်။

“ဆိုဖီယာလေးက တော်လိုက်တာကွယ်၊ ကဗျာတစ်ပုဒ်လုံး ရွတ်သွားတာ အထစ်အငေါ့ မရှိဘူး။ ကဲ… ကဲ သမီး ထိုင်လို့ရပြီ”

“ဟုတ်ကဲ့ပါ ဆရာမ”

ဆိုဖီယာလေး ပြန်ထိုင်လိုက်သည်နှင့် ဆရာမက

တစ်ခန်းလုံးကြားအောင် ချောစုခင် အသံ ဖြင့် ပြောလိုက်သည်။

“ကဲ… ကလေးတို့ရေ၊ အားလုံး သိကြတဲ့အတိုင်း ဆိုဖီယာလေးရဲ့ အဖေက ပေါက်တူးရှပြီး ဆုံးသွားတဲ့အတွက် ဆရာမတို့တတွေဝိုင်းပြီး ကူညီကြရအောင်၊ ကိုယ်တတ်နိုင်သလောက် မုန့်ဖိုး လေးတွေ စုပြီး ကူငွေလေး ထည့်ကြတာပေါ့၊ ကုသိုလ်ရပါတယ်၊ ဆရာမလည်း ၅၀၀ ထည့်မယ်”

“ဟုတ်ကဲ့ပါ ဆရာမ”

ကျောင်းသူ ကျောင်းသားလေးတွေက အလှူအတန်း ရက်ရောကြပါသည်။ တစ်ယောက် နည်းနည်းချင်းစီအလှူငွေစုပြီး ပေါင်းလိုက်သောအခါ ဆိုဖီယာလေးအဖေအတွက် ကူငွေ နှစ်ထောင့် နှစ်ရာ့ငါးဆယ်ကြီးများတောင် ရလေသည်။

အတန်းထဲကလူက အားလုံး အယောက် ၅၀။ မထည့်တဲ့လူလည်း ပါသေးတာကိုး။

မုန့်စားဆင်းချိန်မှာ လင်းပိုင် မုန့်စားပြီး ပြန်လာချိန် အတန်းထဲမှာတစ်ယောက်တည်း ထိုင် နေသော ဆိုဖီယာကို မျက်နှာငယ်လေးနှင့် တွေ့လိုက်ရသည်။

“ရေသူမ… နင် မုန့်သွား မစားဘူးလား၊ ဒီမှာ ဘာလုပ်နေတာလဲ”

“ငါ ပိုက်ဆံ ကျပျောက်သွားလို့ဟ၊ စားစရာ ပိုက်ဆံမရှိတော့ဘူး”

“ဟင်… ဘယ်လောက်တောင် ပျောက်သွားလို့လဲ”

“နှစ်ရာ”

“အဲ့ဒါများဟာ စောစောက ပြောရောပေါ့။ ငါ ဝယ်ကျွေးမယ်၊ ငါ့မှာ ပိုက်ဆံရှိတယ်”

လင်းပိုင်က သူ့အိတ်ကပ်ကို ပုတ်ပြ၍ ဂမ်းသာအားရ ပြောသော်လည်း

ဆိုဖီယာက ခေါင်းခါ သည်။

“မလုပ်ပါနဲ့ဟာ၊ ငါ့အဖေက မှာထားတယ်။ ယောက်ျားလေးတစ်ယောက်က ဘာကျွေးကျွေး မစားနဲ့တဲ့။ သူ့ညီမဂမ်းကွဲတစ်ယောက်ဆို ယောက်ျားလေးတစ်ယောက် ကျွေးလိုက်တဲ့ ထမင်းကြော်စားရင်း အဲဒီ ယောက်ျားလေးနဲ့ ညားသွားတယ်ဆိုပဲ”

“ဟင်... ဟုတ်လား၊ ဒုက္ခပဲ။ အဲဒီ လိုဖြစ်တတ်တယ်ဆို နင် ထမင်းကြော် မစားနဲ့တော့ဟာ၊ အသုပ်ဖြစ်ဖြစ်၊ မုန့်ဟင်းခါးဖြစ်ဖြစ် စား... အဲဒါဆိုရင်တော့ နင်နဲ့ငါ မညားလောက်ပါဘူး”

ထိုအခါ ဆိုဖီယာမျက်နှာလေး ဝင်းသွားသည်။

“အေးနော်... အဲဒါဆို ရမယ်ထင်တယ်။ ဒါဆို ငါ မုန့်ဟင်းခါးပဲ စားတော့မယ်။ နင် ဝယ်ကျွေး မှာလား”

“ကျွေးမှာပေါ့ဟ၊ ငါတို့ မုန့်ဈေးတန်း ပြန်သွားကြမယ်လေ။ လိုက်ခဲ့”

“အေး”

ဒီလိုနှင့် ဆယ်ကျော်သက်အရွယ် ကောင်လေး လင်းပိုင်နှင့် ကောင်မလေး ဆိုဖီယာတို့ မုန့်ဈေးတန်းကို အတူတွဲ၍ ပျော်ရွှင်မြူးတူးစွာ ထွက်သွားကြတော့သည်။

တကယ်တော့ ခြောက်တန်းကျောင်းသားတွေ အားလုံးထဲမှာ ဆိုဖီယာအပေါ် နားလည်မှု အရှိဆုံးနှင့် အခင်ဆုံး သူငယ်ချင်းက လင်းပိုင်သာလျှင် ဖြစ်သည်။ သူတို့နှစ်ယောက်၏ သံယောဇဉ် က သူငယ်တန်းတည်းက စသည်။ ကလေးသဘာဝ ဆော့ကစားကြတော့ ဆိုဖီယာလေး ချော်လဲပြီး ဖင်မှာ ပွန်းသွားသည်။

ထိုကြောင့် စာသင်ချိန်မှာ ထိုင်မရ ထမရနှင့် ငိုမဲ့မဲ့ ဖြစ်နေစဉ်

ဆရာကြီးက ဘာဖြစ်တာလဲဟု မေးရာ သူမ ရှက်ပြီး မဖြေရဲ။

အဲဒါကို လင်းပိုင်က မတ်တတ်ထရပ်ပြီး ကျွန်တော်တို့အတူ စိန်ပြေးလိုက်တိုင်း ဆော့ရင်း ချော်လဲလို့ သူ ဖင်ပြဲသွားတာပါ ဆရာကြီးဟု ပြောလိုက်မှဆရာကြီးက သူမကို အိမ်ပြန်ခွင့်ပြု လိုက်ခြင်း ဖြစ်သည်။ လင်းပိုင်သာ မကယ်လျှင် သူမ ပါးစပ်က သမီး ဖင်ပြဲသွားလို့ပါ ဆရာကြီးဟု ဘယ်လိုမှ ပြောရဲမှာမဟုတ်။ အဲဒီ အချိန်ကတည်းက လင်းပိုင်ကို ပိုမိုခင်တွယ်ပြီး အားကိုးခဲ့ခြင်း ဖြစ်သည်။

ထိုကြောင့် သူမက လင်းပိုင်ကို လပိုင်ဟု ချစ်စနိုးနှင့် ခေါ်သလို လင်းပိုင်ကလည်း သူမကို ရေသူမလေးဟု ခေါ်ခဲ့ခြင်း ဖြစ်သည်။ ရေသူမလေး ဆိုဖီယာပေါ့။

*

## (c)

"တစ်... နှစ်... သုံး၊ ဦးဖိုးတုတ်ကြီး သမီး"

လင်းပိုင်နှင့်ဆိုဖီယာ ကျောင်းဆင်း၍ အတူပြန်လာကြစဉ် လမ်းမှာကိုဖြိုးတို့အဖွဲ့က အချိန် ကိုက် လှမ်းအော်နေ၍ သူတို့ခြေလှမ်းတွေ တွန့်သွားကြသည်။

ကိုဖြိုးတို့အဖွဲ့က ဆိုဖီယာကိုကြည့်၍ လှောင်နေသဖြင့် လင်းပိုင် ဒေါသထွက်သွားသည်။

"ရေသူမ... အဲဒါ နင့်အမေ ဟိုလူနဲ့ ယူသွားလို့ ဝိုင်းလှောင်နေတာ၊ ဒီကောင်တွေ စောက်ကျင့် မကောင်းဘူး"

“ထားလိုက်ပါဟာ၊ ငါ မေမေ့ကို စိတ်ဆိုးနေတဲ့အချိန် ဒီကောင်တွေကြောင့် ဒေါသထပ် မထွက်ချင်ဘူး”

ဆိုဖီယာလေး သည်းခံနေမှန်းသိ၍ ကိုဖြိုးတို့အဖွဲ့ ပို၍ ရောင့်တက်လာသည်။

“ငါ့သမီးလေး ကြီးလာရင် ဘာလုပ်မှာလဲဟင်… ဖီဖီကလေး ကြီးလာရင် ဘာလုပ်မှာလဲ ဟင်”

သူတို့က အငြိမ့်အဖွဲ့ သံချပ်တိုက်သလို တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက် ညီ သည်။

ဒီတစ်ခါတော့ လင်းပိုင် သည်းမခံနိုင်တော့၊ ကိုဖြိုးတို့ရှေ့ မတ်တတ်ရပ်ပြီး စိန်ခေါ်လိုက် သည်။

“ဟေ့ကောင်တွေ မင်းတို့ ကိုယ့်သူငယ်ချင်း အချင်းချင်း ဘာလို့လှောင်တာလဲ၊ ဒီမှာ သူ စိတ်ညစ်နေရတဲ့အထဲ”

“အောင်မာ… အဲဒါ မင်းနဲ့ဘာဆိုင်လဲ၊ ဆိုဖီယာ မင်းမိန်းမ မို့လို့လား”

အဲဒီ စကားကြောင့် လင်းပိုင် စိတ်ထဲမှာသဘောကျသလိုလို ရှိသွားသည်။ ဘာကြောင့်မှန်း မသိ။ ဆယ်နှစ်သား နှလုံးသားလေးက လေတိုက်လျှင်ပင် ယိုင်ချင်ချင်။

ဒါပေမယ့် ဆက်ပြောလာတဲ့စကားကတော့ ခုန နူးညံ့သွားသော နှလုံးသားကို တင်းမာသွား စေသည်။

“ဒါမှမဟုတ် ဦးဖိုးတုတ်ကြီးက မင်းအဖေမို့လို့လား”

အမေထိတော့ လင်းပိုင် သည်းမခံနိုင်တော့။ ကိုဖြိုးမျက်နှာကို လက်သီးနှင့် ပြေးထိုးလိုက် တော့သည်။

“ခွပ်”

“အ”

ဒီလိုနှင့် ကိုဖြိုးတို့သုံးယောက်နှင့် လင်းပိုင် နပန်းလုံးကြတော့သည်။

အဲဒီ လိုတွေ ဖြစ်ကုန်သောအခါ ဆိုဖီယာ စိုးရိမ်သွားပြီး မိန်းကလေးပီပီ ပတ်ဝန်းကျင်ကို အော်၍ အကူအညီတောင်း(သို့မဟုတ်)ဖျန်ဖြေရမည့်အစား တိုက်ပွဲထဲ ခုန်ဝင်လိုက်သည်။

“ယား”

ထို့နောက် လွယ်အိတ်ထဲမှ ကွန်ပါဗူးကို ထုတ်၍ ကိုဖြိုးတို့အဖွဲ့ရဲ ခေါင်းတွေကို ရိုက်တော့ သည်။

လမ်းပေါ်မှာ ဖြတ်သွားဖြတ်လာ လူကြီးတွေက ဝိုင်းဆွဲပြီး လူချင်းခွဲလိုက်မှ ရန်ပွဲပြီးလေသ တည်း။

အဆုံးသတ်တော့ လင်းပိုင် ဖူးရောင်သွားသလို ကိုဖြိုးတို့အဖွဲ့လည်း ကွဲသွားသည်။ ဆိုဖီယာ ရဲ့ ကွန်ပါဗူး လက်ချက်ပေ့ါ။

တော်သေးရဲ့ သူမကျတော့ ဘာမှမဖြစ်လို့။

နောက်တစ်နေ့ ကျောင်းပြန်တက်တော့ လင်းပိုင်ရဲ့ ခန္ဓာကိုယ်က ဒဏ်ရာတွေအတွက် ဆိုဖီယာက ဆေးယူလာသည်။

“လပိုင်၊နင့်မျက်နှာမှာ ဒဏ်ရာတွေနဲ့ဆေးလိမ်းလိုက်နော်။ အဲဒီ ဆေးက ငါ့အဖေရှိတုန်းက အမေနဲ့ ရန်ဖြစ်ပြီးတိုင် လိမ်းနေကျဟ၊ သိပ်ကောင်းတာ”

“ကျေးဇူးတင်ပါတယ်ဟာ၊ နင်သာ ဝင်မပါရင် ငါ ဒီကောင်တွေကို သုံးယောက် တစ်ယောက် နိုင်မှာ မဟုတ်ဘူး။ အခုတော့ အဲဒီ ကောင်တွေ ကျောင်းတောင် မလာနိုင်တော့ဘူး”

“နင် အခုလိုဖြစ်တာ ငါ့ကြောင့်ပါဟာ၊ ငါ့ကြောင့် နင် တစ်ခါမှရန်မဖြစ်ဖူးဘဲ ဖြစ်ရတယ်။ အဲဒီ တော့ နင့်ကို ငါ ကိုယ်တိုင်

ဆေးလိမ်းပေးမယ်နော်”

“ကောင်းတာပေ့ါ ရေသူမရယ်၊ ငါ လက်ညှောင်း သက်သာတာပေ့ါ”

ဆိုဖီယာက ပြုံးလိုက်ပြီး လင်းပိုင် မျက်နှာပေါ်က ဒဏ်ရာတွေကို ယုယစွာ ဆေးလိမ်းပေးနေ သည်။

ဘာကြောင့်မှန်းမသိ။ ဒီအရွယ်မှာ ရင်ခုန်သံဆိုတာ ဘာမှန်းမသိသေးသော်လည်း အခုလို အကြင်နာလေးတွေနှင့်ဆုံသောအခါ ရင်ထဲမှာ ကြည်နူးသလို ပျော်သလို တစ်မျိုးလေးပဲ။ ဘာဖြစ် မှန်းကို မသိတာ။ လူက မူကြို စိတ်က တက္ကသိုလ်များ ဖြစ်နေမလား။

ဘယ်လောက်တောင် မျောနေသည်မသိ။ အတန်းထဲ ဆရာမ ဝင်လာတာကို နှစ်ယောက် လုံး မသိလိုက်။

အခန်းထဲက လူတွေ မတ်တတ်ရပ်ပြီး ဆရာမကို နှုတ်ဆက်လိုက်ကြသည်။

“အားလုံး မတ်တတ်ရပ် ဆရာမကို နှုတ်ဆက်၊ မင်္ဂလာပါ ဆရာမ၊ ညီညီညာညာ နှုတ် ဆက်ကြ”

ဆရာမက ကျောင်းသားတွေကို ပြန်မထိုင်ခိုင်းသေးဘဲ နောက်ဆုံးခုံမှာ ဆေးလိမ်းနေသော လင်းပိုင်နှင့်ဆိုဖီယာကို ကြည့်၍ မျက်မှန်ပင့်လိုက်သည်။

ဆရာမ စူးစိုက်ကြည့်နေရာသို့ ကျောင်းသူ ကျောင်းသားတွေ အားလုံး လှည့်ကြည့်လိုက်ရာ လင်းပိုင်နှင့်ဆိုဖီယာကို လောကကြီးနှင့်အဆက်ပြတ်ပြီး ကြင်နာနေကြပုံကို တွေ့လိုက်ရသဖြင့် အားလုံး ဝိုင်းရယ်ကြကုန်သည်။

“ဟား… ဟား…ဟား…ဟား”

“ဟီး…ဟီး…ဟီး…ဟီး”

“ဟဲ… ဟဲ… ဟဲ… ဟဲ”

မျိုးစုံသော ရယ်သံတွေ ကြားလိုက်ရမှ သတိဝင်ပြီး နှစ်ယောက်လုံးလှည့်ကြည့်လိုက်ရာ ဆရာမရော အတန်းထဲက အခန်းဖော်တွေ အားလုံးမတ်တတ်ရပ်ပြီး သူတို့နှစ်ယောက်ကို ကြည့်၍ ရယ်နေကြသည်ကို တွေ့လိုက်ရာ မျက်လုံးပြူးသွားကြသည်။

ဆိုဖီယာက ကမန်းကတမ်း ဆေးဗူးပိတ်၍ သူ့နေရာသူ ခေါင်းငုံ့ပြီးပြေးသည်။

ရှက်လိုက်သည့်ဖြစ်ခြင်း။ လင်းပိုင်သည် ဆိုဖီယာကို အားနာသွားသည်။ နောက်နေ့ကစပြီး သူငယ်ချင်းတွေ ပါးစပ်ဖျားမှာ လင်းပိုင်နှင့်ဆိုဖီယာ အစအနောက်ခံရတော့၏ ။

ကလေးတွေက စာသာမရရင် နေမယ်။ ဒါမျိုးကျ အကျွမ်းသား။

*

## (D)

တစ် နှစ် ဆရာမကိုချစ်

သုံး လေး စာလိုက်ပေး

ငါး ခြောက် ရုံးခန်းရောက်

ခုနစ် ရှစ် ပါးရိုက်ပစ်

ကိုး ဆယ် ထပ်ကြိုးစားမယ်။

"တွေ့လား ငါစပ်ထားတဲ့ ကဗျာလေး ဘယ်လောက်လှလဲ"

"ဟဲ့ လပိုင် နင် ဘာတွေ လျှောက်ရေးထားတာလဲ၊ ငရဲကြီးလဲကုန်တော့မယ်။ ကိုယ့်ဆရာမ ကို မကြံကောင်းမစည်ရာ"

"ဟာ... ဘာတွေ ပြောနေတာလဲ၊ ငါ ရှင်းပြမယ်။ တစ် နှစ် ဆရာမကို ချစ်ဆိုတာ နင်ရော ငါရော ကျောင်းသားတွေအားလုံး ဆရာမကို မချစ်ကြဘူးလား"

"ချစ်တယ်လေ"

"အဲဒါကို ပြောတာ၊ သုံးလေး စာလိုက်ပေးဆိုတာက ဆရာမလုပ်ခိုင်းတဲ့ အိမ်စာတွေကို ငါတို့ မပေးရဘူးလား"

"ပေးရတယ်လေ"

"ငါးခြောက် ရုံးခန်းရောက်ဆိုတာက ဆရာမက အိမ်စာတွေကို သူ့ရုံးခန်းမှာထပ်ခိုင်းတယ် လေ၊ အဲဒီ တော့ စာတွေ ရုံးခန်းရောက်သွားတာပေါ့"

"အင်း... ဒါလည်း ဟုတ်တာပဲ"

"ခုနစ်ရှစ် ပါးရိုက်ပစ်ဆိုတာက ဆရာမက အိမ်စာတွေမှားရင် ပါးရိုက်ပစ်မယ်လို့ နောက်ပြီး ပြောဖူးတာ မှတ်မိလား"

"အေး...မှတ်မိတယ်"

"ကိုးတစ်ဆယ် ထပ်ကြိုးစားမယ်ဆိုတာက ဘယ်လောက်မှားမှား ဖွဲ့မလျှော့ဘဲ ထပ်ပြီး ကြိုးစားမယ်။ နောက်ထပ်ခါ မမှားစေရဖူးလို့ ပြောတာဟ"

လင်းပိုင် အခုလို လုံးစေ့ပတ်စေ့ ရှင်းပြလိုက်မှ ဆိုဖီယာလေး နားလည်သွားတော့သည်။

"ဟဲ့... ဒီလိုဆိုတော့လည်း နင့်ကဗျာက မိုက်တယ်ဟ၊ ဆရာမသာဖတ်ကြည့်ရင် ကြိုက် သွားမှာ အမှန်ပဲ"

အဲဒီ အချိန် သူတို့လက်ထဲမှ စာရွက်ကိုတစ်စုံတစ်ယောက်က ဆွဲလုခြင်းခံလိုက်ရ၍ ကြည့် လိုက်တော့ ကိုဖြိုး။

"ဟော့ကောင်... မင်းကဗျာကို ဆရာမ ကြိုက်သွားအောင် ငါကိုယ်တိုင် ပေး,ပေးမယ်"

ဘယ်အချိန်တည်းက အနားရောက်နေသည် မသိသော ကိုဖြိုးက လင်းပိုင်ရဲ့ စာရွက်ကို ယူပြီး တားချိန်ပင်မရလိုက်။ သချာၤဆရာမ ရုံးခန်းသို့ ပြေးသွားတော့သည်။

"ဟဲ့...လပိုင် နင့်ကို အဲဒါကိုဖြိုး သက်သက်မဲ့ချောက်တွန်းတာ ဟိုတစ်ခါ ရန်ဖြစ်ထားတဲ့ ကိစ္စကို မကျေနပ်လို့ ဖြစ်မယ်"

"အေးဟာ...အဓိပ္ပာယ်မသိဘဲ ဖတ်မိရင် ဆရာမတော့ ငါ့ကိုရိုက်တော့မှာပဲ၊ ဆရာမက ဒေါသထွက်ရင် ရိုက်တာက အရင်၊ မေးတာကနောက်၊ ငါတော့ ဒုက္ခရောက်ပြီထင်တယ်"

လင်းပိုင် ကြောက်ကြောက်နှင့် ညည်းတွားသောကြောင့် ဆိုဖီယာက အားပေးသည်။

"ဟဲ့... ဘာမှစိတ်မပူနဲ့၊ ငါ နင့်ဘက်က ကူပြောပေးမယ်၊ ကဗျာရဲ

အခိပ္ပာယ်ကို ငါ သိနေ တာပဲ”

လင်းပိုင် ဆိုဖီယာကို အားကိုးတကြီး ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

သိပ်မကြာပါ။ ထင်သည့်အတိုင်းပင်။ ကိုဖြိုးကောင်းမှုကြောင့် သချာ်ဆရာမ ဒေါ်ဇင်မာ ထဘီ စွန်တောင်စွဲပြီး ရောက်ချလာသည်။ လက်ထဲမှာလည်း ထားဝယ်ကြိမ်နှင့်။

“ဟဲ့… လင်းပိုင်ဆိုတဲ့အကောင် ထစမ်း”

ဆရာမရဲ့ အသံပြာကြီးကြောင့် လင်းပိုင် ကြောက်ကြောက်နှင့် ထရပ်သည်။

“ဒီစာကို နင် ရေးတာလား”

စာရွက်ကို လှမ်းပြ၍ မေးလိုက်သဖြင့် လင်းပိုင် ခေါင်းညိတ်၍ ဖြေသည်။

“ဟုတ်…ဟုတ်ပါတယ် ဆရာမ၊ အဲဒါ”

“တောက်… ရှက်ဖို့ကောင်းလိုက်တာ၊ မုန့်လက်ညှိုးလောက်ရှိတဲ့အကောင်က ငါ့ကို မထီမဲ့ မြင် လုပ်လို့၊ ငါ အပျိုကြီးဖြစ်နေတာ လင်မရလို့ မဟုတ်ဘူးဟဲ့၊ ဘယ်ယောကျ်ားကိုမှ နေတိုး လောက် ရင်မခုန်လို့ သိလား”

ဖြစ်မှဖြစ်ရလေ ဆရာမရယ်၊ ကျောင်းသားတွေရှေ့မှာ အမှုမှန်ပေါ်သွားပြီပေါ့။ လင်းပိုင်ကို လည်း မုန့်လက်ညှိုးလောက်ရှိတဲ့အကောင်တဲ့။ ဘာကြည့်ပြီး ပြောလိုက်ပါလိမ့်။ သြော်… အရပ် ဖြစ်မယ် ထင်တယ်။

“အဲ… အဲဒါက ဒီလိုပါ ဆရာမ”

“ဘာ ဒီလိုလဲ… နင်က မိုးကြိုးပစ်ခံချင်လို့ ဒီလိုစာမျိုး ရေးတာလေ၊ တွေ့ကြသေးတာပေါ့”

ဆရာမက ကြိမ်လုံးကို ဝင့်ပြီး လင်းပိုင်ဆီ ဒေါသတကြီး လျှောက်လာစဉ် ဆိုဖီယာက မတ်တတ် ထရပ်ပြီး ဆရာမကို အမြန် ရှင်းပြလိုက်သည်။

"ဆရာမ... သမီး ရှင်းပြပါ့မယ်၊ သူရေးထားတဲ့ အဓိပ္ပါယ်က ဒီလိုပါ"

ဆိုဖီယာလေး ရှင်းပြသည်ကို ဒေါ်ဇင်မာနားထောင်ပြီးသော် လင်းပိုင်အပေါ် အပြည့်အဝနား လည်သွားပြီး ကြင်နာယုယစွာ ကြိမ်လုံးဖြင့် ပြောတင်တော့သည်။

"ဖြောင်း... ဖြောင်း... ဖြောင်း"

"အား... ဆရာမ သား ဘာမှားလို့လဲ... ဆိုဖီယာပြောတာ မယုံလို့လား"

"မဟုတ်ဘူး၊ သူ ရှင်းပြမှ နင် အိမ်စာ မထပ်ထားဘူးဆိုတာ သတိရလို့"

"အီး... ဟီး... ဟီး"

လင်းပိုင် ဂမ်းနည်းစွာ ငိုနေသည်ကို ကြည့်၍ ဆိုဖီယာ ဂမ်းနည်းသွားပေမယ့် ကိုဖြိုးက ကြိတ် ရယ်နေသည်။

"နောက်တစ်နေ့ အိမ်စာရေးပြီး ငါ့ဆီမှာ ချက်ချင်းလာထပ်၊ မထပ်လို့ကတော့ ဒီထက်နာ မယ်"

"ဟုတ်ကဲ့ပါ ချာမ...ဟင့်"

လင်းပိုင် စကားပင် မပီတော့။ ဆရာမက ကိုဖြိုးဘက် လှည့်လိုက်ပြီး

"ဟဲ့အကောင် သူများအရိုက်ခံရတာ ကို အူတက်မနေနဲ့၊ လင်းပိုင် အိမ်စာရေးပြီးတာနဲ့ သူ့စာအုပ် နင်ကိုယ်တိုင် ယူလာပြီးထပ်၊ နင်က စာပေးစာယူ သိပ်လုပ်ချင်တဲ့ကောင်"

"ဟုတ်"

*

## (E)

“ဟဲ့ လပိုင်… ငါတို့ကျောင်းနားမှာ မနေ့က အရုပ်ဆိုင် တစ်ဆိုင်ဖွင့်ထားတယ်… အပြန်ကျ ရင် သွားကြည့်ရအောင်”

“ဟုတ်လား… အတော်ပဲ မနက်ဖြန် ကျောင်းပိတ်ရက်ကျရင် ဆော့ဖို့ အရုပ်ဝယ်ရမယ်”

ဤစကားနှစ်ခွန်းက မုန့်စားဆင်းချိန်မှာ ပြောခဲ့သော စကားဖြစ်သည်။

ကျောင်းဆင်းသော်

“ဒေါင်… ဒေါင်…ဒေါင်”

“ဟေး”

“အားလုံး မတ်တတ်ရပ် ဆရာမကို နှုတ်ဆက်၊ မင်္ဂလာပါ ဆရာမ၊ ကျေးဇူးမတင်ဖင်လှန်ပြ အဲ… ဟုတ်ပါဘူး ကျေးဇူးတင်ပါတယ် ဆရာမ”

ကလေးတွေ ပျော်ရွှင်မြူးတူးစွာ အလုအယက် တိုးဝှေ့ပြန်ကြစဉ် ဆိုဖီယာနှင့်လင်းပိုင်က တော့ ပြောစရာမလို အရုပ်ဆိုင်ရောက်သွားတာ ဆိုပါတော့။

ဆိုင်နာမည်က “ဦးညှက်ကြီး ကလေးကစားစရာမျိုးစုံ အရောင်းဆိုင်” တဲ့။

ဆိုင်ထဲ ဝင်ဝင်ချင်း ကလေးတွေရဲ့ အာရုံကို မျိုးစုံသော အရုပ်လေးတွေက ဖမ်းစား လိုက်သည်။ ယနေ့ တရုတ်ပြည်မှလာသော ခေတ်ပေါ်အရုပ်မျိုးစုံကို တင်ထား၍ အားလုံးက အသစ် အဆန်း။ လွန်ခဲ့ သောနှစ်နှစ်ဆယ်လောက်ကလို အိုးပုတ်၊ ချိုးရုပ်ခေတ် မဟုတ်တော့။ ဖိုးတရုတ် ခေတ် ဖြစ်နေပြီ။

လင်းပိုင် အရုပ်ဆိုင်မှာ ငါးမိနစ်လောက် မွှေပြီးသော် သူ နှစ်သက်သော သားရေကွင်းဒိုးကြီး သုံးပင် ဝယ်ယူလိုက်သည်။

"ဟဲ့ ရေသူမ... ငါကတော့ အရုပ်ထောင်ပစ်ဖို့ သားရေကွင်းဝယ်လိုက်ပြီ...နင်ရော ဘာယူ မလဲ"

လင်းပိုင် မေးပြီး ဆိုဖီယာကို ကြည့်လိုက်ရာ ဆိုဖီယာလေး၏ မျက်နှာက တစ်နေရာကို မမှိတ်မသုန် စိုက်ကြည့်ပြီး ငေးမောနေသည်ကို တွေ့လိုက်ရသည်။

"ဟဲ့... ဘာတွေငေးနေတာလဲ"

လင်းပိုင်က လက်တို့၍ သတိပေးလိုက်မှ ဆိုဖီယာ သတိဝင်ပြီး ဖြေသည်။

"သြော်...ငါ ဟိုအရုပ်လေးကို အရမ်းကြိုက်လို့ပါ။ ဈေးကြီးမလား မသိဘူး"

"ဘယ်အရုပ်လဲ"

ဆိုဖီယာက စင်ပေါ်မှာ တင်ထားသော ဂျပန်မရုပ်လေးကို လက်ညှိုးထိုးပြလိုက်လေသည်။

"အဲဒီ အရုပ်"

လင်းပိုင်က အရုပ်ကိုကြည့်ပြီး ဆိုင်ရှင်ကို မေးလိုက်သည်။

"ဦး...အဲဒီ အရုပ် ဘယ်လောက်လဲဟင်"

"မများပါဘူးကွာ၊ မင်းတို့လို ကလေးတွေ ဝယ်နိုင်အောင် ဦးက ဈေးသက်သက်သာသာနဲ့ ရောင်းပေးတာ ငါးထောင်တည်းပါ"

"ရှင်... ငါးထောင်"

ဆိုဖီယာ မျက်လုံးပြူးသွားသည်။

“သမီးက တစ်နေ့မှ မုန့်ဖိုး နှစ်ရာပဲရတာ ဦးရဲ့၊ ဟို တစ်နေ့ တစ်ရာပေးလို့ မရဘူးလားဟင်”

“ဘယ်ရမှာလဲဟ… မနေ့ကမှ ဆိုင်စဖွင့်တာ ဦးကို အရင်းပြုတ်အောင် မလုပ်ပါနဲ့ သမီးရယ်”

လင်းပိုင်ကလည်း ဆိုဖီယာကို ဖျောင်းဖြသည်။

“နင်ကလည်း တခြားဟာ ယူပါလားဟာ၊ အဲဒီ အရုပ်က ဈေးကြီးတယ်”

“ငါက အဲဒီ အရုပ်လေးပဲ ချစ်တာဟ၊ ထားလိုက်ပါတော့ဟာ ပိုက်ဆံမှမရှိတာ ပြန်တော့မယ်”

သူတို့နှစ်ယောက် ဆိုင်ထဲမှထွက်ပြီး ပြန်သည့်အချိန်တစ်လမ်းလုံး ဆိုဖီယာမျက်နှာ ညှိုးနေ သည်ကို လင်းပိုင် သတိထားမိသည်။

“ဟဲ့… နင်ကလည်း မျက်နှာကြီး စူပုတ်နေတာပဲ။ အဲဒီ အရုပ်ကို တော်တော်လိုချင်နေတယ် နဲ့တူတယ်”

“ဟုတ်တယ်ဟ၊ အဲဒီ အရုပ်လေးကို ငါမျက်လုံးထဲကမထွက်ဘူး။ ငါ့မေမေကလည်း အဲဒီ လောက်ဆို့ဝယ်ပေးမှာ မဟုတ်ဘူး။ အရမ်းလိုချင်တာပဲဟာ”

လင်းပိုင်ရင်ထဲမှာမကောင်းဖြစ်သွားသည်။ ဆိုဖီယာလေးက ပိုက်ဆံမချမ်းသာတော့ အဲဒီ လောက်ဆို မဝယ်နိုင်။ အကယ်၍ လင်းပိုင်သာဆို ပူဆာလိုက်တာနဲ့ သူ့အမေက ချက်ချင်းဝယ်ပေး မှာ သေချာသည်။

ဒါပေမဲ့ ခက်တာက သူက အဲဒီ အရုပ်ကို မကြိုက်။

ယောက်ျားလေးပီပီ သားရေကွင်းတို့ ဂေါ်လီတို့နှင့် အရုပ်ထောင်ပစ်ရတာ ကို ပိုသဘောကျ သည်။

“ဟဲ့…မနက်ဖြန် ငါတို့ကစားနေကျ နေရာကို လာခဲ့ဦးနော်… မေ့နေဦးမယ်”

“မမေ့ပါဘူးဟာ… ငါ လာခဲ့ပါ့မယ်”

*

## (F)

“ဆိုဖီယာ ငါ နင့်ကို လက်ဆောင်ပေးစရာ တစ်ခုရှိတယ်”

“ဘာလဲဟင်”

“မျက်လုံးမှိတ်ထား၊ ငါ ပြမယ်။”

“ဟာ… နင်ကလည်း မျက်လုံးမှိတ်ထားမှတော့ ဘယ်လိုမြင်ရမှာလဲ”

“မဟုတ်ဘူးလေဟာ… ငါ ဖွင့်ဆိုရင် ဖွင့်လိုက်လေ၊ အဲဒါကို မြင်ရမှာပေါ့”

“အေး… ပြီးရောဟာ”

ဆိုဖီယာလေးက မျက်လုံးမှိတ်လိုက်ရာ လင်းပိုင်က သူ ဂျက်ယူလာသော အရုပ်လေးကို မျက်နှာရှေ့ ထိုးပေးလိုက်သည်။

“ဖွင့်တော့”

ဆိုဖီယာလေး မျက်လုံး ဖွင့်လိုက်သည်။

“ဟယ်”

ဘာလို့ ဟယ်တာလဲဆိုတော့ သူမက မနေ့က အရုပ်ဆိုင်မှာအရမ်းလိုချင်နေခဲ့သော ဂျပန်မ ထီးဆောင်းအရုပ်လေးကို မြင်လိုက်ရ၍ ဖြစ်သည်။

“ဂျ… ဂျပန်မအရုပ်လေးပါလား နင် အဲဒီ ဆိုင်က ခိုးလာတာလားဟင်”

"အေး… ဟာ ဘာလို့ ခိုးရမှာလဲ။ နင်လိုချင်နေမှန်းသိလို့ ငါ မေမေ့ကို ပူဆာပြီး တစ်ခေါက် သွားပြန်ဝယ်ခိုင်းတာ ။ ရော့… အဲ့ဒါ နင့်အတွက်"

ဆိုဖီယာ ဂမ်းသာအားရဖြစ်ပြီး တုန်တုန်ရီရီနှင့် အရုပ်လေးကို လှမ်းယူသည်။

"ငါ နင့်ကို အရမ်းခင်သွား လပိုင်ရယ်၊ ညက အိပ်မက်ထဲမှာတောင် အဲဒီ အရုပ်လေးကို ဆိုင်မှာ သွားပြန်ကြည့်ဖို့တောင် စဉ်းစားမိငေးတာ၊ အခု နင်က ငါ့ကို လက်ဆောင်ဝယ်ပေးတော့ ငါ ပျော်လိုက်တာ လပိုင်ရယ်"

ဆိုဖီယာရဲ့ ဂမ်းသာနေတဲ့ မျက်နှာလေးကို ကြည့်ပြီး လင်းပိုင်လည်း ပျော်သွားပါသည်။ အရုပ်မရခင်တုန်းကတော့ အီးမှန်နေတဲ့ မျက်နှာပေးနဲ့။

"နင်က ဒီလောက်ဈေးကြီးတဲ့ အရုပ်ကို ငါ့အတွက် ဝယ်ပေးတယ်နော်၊ ငါ ကျေးဇူးတင်ပါတယ် ဟယ်"

"ရပါတယ် ရေသူမရယ်၊ မနေ့က နင် အရုပ်လေးကို လိုချင်လို့ မှိုင်နေတာမြင်တော့ ငါ မနေ တတ်ဘူး။ အဲဒါကြောင့် နင်ပျော်သွားအောင် မေမေ့ကိုပူဆာလိုက်တာ မေမေဈေးဆစ်လိုက်တော့ သုံးထောင်နဲ့ ရခဲ့တယ်လေ"

ဆိုဖီယာလေးက အရုပ်ကို စေ့စေ့စပ်စပ်ကြည့်ပြီး ဂမ်းသာလုံးဆို့နေသည်။ ပါးလေးဆွဲလိုက် နှာခေါင်းလေးညှစ်လိုက် နှုတ်ခမ်းလေးကိုင်လိုက်နှင့်။

"အရမ်းကြိုက်တာပဲဟယ်၊ အိမ်ရောက်ရင် မှန်ဗီဒိုထဲမှာ သေချာသိမ်းထားရမယ်။ အိပ်ခါနီး ကျရင် ငါ့ခေါင်းအုံးဘေးမှာ ထားပြီး အိပ်မယ်"

ဆိုဖီယာလေး ပျော်နေပုံကိုကြည့်ပြီး လင်းပိုင်ရင်ထဲမှာ ဘာကြောင့်မှန်းမသိ၊ ကြည်နူးနေမိ သည်။

သူ့ကြောင့် အဲဒီ လိုပျော်နေတာ မြင်ရတော့လည်း ကျေနပ်မိသည်။

“ဟဲ့…ထီးလေးက အရှင်ဟဲ့၊ ချွတ်လို့ရတယ် ကြည့်စမ်း”

ဆိုဖီယာက ပြောပြောဆိုဆို ဂျပန်မလက်ထဲမှ ထီးလေးကို ချွတ်လိုက်သည်။ လက်ကဟ ထား၍ ထီးအထုတ်အသွင်း လုပ်လို့ရသည်။

“ခဏပြစမ်း”

လင်းပိုင်က ဆိုဖီယာလက်ထဲမှ အရုပ်ထီးလေးကို ယူ၍ တောင်းကြည့်လိုက်သည်။

ထိုအခါ ရုတ်တရက် လေတိုက်၍ သူတို့နှစ်ယောက် လက်ကြားမှထီးလေးက ဟိုမရောက် ဒီမရောက်ခင် အဝေးကို လွင့်ထွက်သွား၏ ။

“ဟာ…လေနဲ့ လွင့်သွားပြီ… ငါ သွားကောက်ပေးမယ်”

လင်းပိုင်က ပြောပြီး ထီးကောက်ရန် ပြေးထွက်သွားသည်။ သို့သော် ထီးဆီမရောက်ခင်မှာ ပင် ထီးဆောင်းပြီး မိုးမမြင်လေမမြင် လမ်းလျှောက်လာသော စုံတွဲတစ်တွဲက အောက်မှ ထီးလေး ကို မညှာမတာ တက်နင်းသွားကြလေသည်။

“ဂျွတ်”

“ဟာ”

လင်းပိုင် မျက်လုံး ပြူးသွားသည်။ ထီးလေးက မြေကြီးပေါ်မှာ ကျိုးကြေလို့၊ နင်းသွားတဲ့ စုံတွဲ ကတော့ ဘာမှမသိ။ သူ့လမ်းသူ ဆက်လျှောက်သွားကြသည်။

လင်းပိုင် စိတ်မကောင်းခြင်းကြီးစွာဖြင့် ထီးကျိုးလေးကို ကောက်ယူပြီး ဆိုဖီယာဆီ ပြန်လာ သည်။

ဆိုဖီယာကလည်း မျက်နှာငယ်လေးနှင့်။

“ရေသူမရယ်၊ ထီးကျိုးသွားပြီ။ နှမြောစရာ ကောင်းလိုက်တာ”

"အေးလေ…အခုမှ အသစ်ကြီး ဝယ်လာတာကို၊ ထားလိုက်ပါတော့ဟာ၊ အရုပ်ကလေး ဘာမှမဖြစ်တာပဲ တော်သေးတယ်"

လင်းပိုင်က အရုပ်လေးကိုကြည့်လိုက်ရာ အရုပ်လေးကလက်ဗလာနှင့် တစ်ခုခုလိုနေသလို။

"ဒါပေမယ့် ဒီအတိုင်းချည်းကတော့ ကြည့်မကောင်းဘူးဟာ… သူနဲ့လိုက်မယ့်ဟာတစ်ခုခု ငါတို့ တပ်ပေးကြရအောင်"

"နင့်မှာ ဘာရှိလို့လဲ"

ဆိုဖီယာက လင်းပိုင်ကို မျှော်လင့်စွာ မေးသည်။

"ငါ့မှာတော့ ထီးမရှိဘူး။ ဒါပေမယ့် ငါ့ညီမလေး ကစားတဲ့ အရုပ်တွေထဲက နည်းနည်းမွှေ ကြည့် လိုက်မယ်။ နင် ဒီမှာ ခဏစောင့် ငါ ချက်ချင်း ပြန်လာခဲ့မယ်"

"ဟဲ့…နောက်နေ့မှ ယူလာပါလား"

"ဟာ… ငါက အခုချက်ချင်းပဲ လုပ်ချင်တာ၊ ခဏလေးစောင့်ပါ၊ မကြာပါဘူး၊ အိမ်နီးနီး လေးကို"

လင်းပိုင်က ဆိုဖီယာကို ခဏစောင့်ခိုင်းပြီး သူ့အိမ်ကို ပြန်ပြေးသွားသည်။

ဆိုဖီယာနှင့် ပတ်သက်လာလျှင် လင်းပိုင် ဂရုစိုက်ပုံများက သူမကို ပို၍ တွယ်တာစေသည်။

အခုလည်း လင်းပိုင် လက်ထဲပါလာမည့် အရာတစ်ခုခုကို ဆိုဖီယာ မျှော်လင့်ရင်း စောင့်နေ မိသည်။

ဒီလိုနှင့် ၁၅မိနစ်ခန့်အကြာ လင်းပိုင် ခေါင်းငိုက်စိုက်ချကာ မျက်စိပျက် မျက်နှာပျက်ဖြင့် ရောက်လာ၏ ။ ကြည့်ရတာ ဘာမှတွေ့ခဲ့ဟန်မတူ။

“လပိုင်… မတွေ့ဘူးလား၊ ထားလိုက်ပါတော့ဟာ၊ အဲဒီ လောက်ကြီး စိတ်ခါတ်မကျပါနဲ့၊ ငါ အိမ်ရောက်မှ သူ့လက်ထဲ ခဲတံ ထည့်ပေးလိုက်ပ့ါမယ်”

“မဟုတ်ပါဘူးဟာ…ရခဲ့ပါတယ်၊ ရော့…အဲဒါ ငါ့ညီမလေးမှုတ်ပြီး ဆော့တဲ့ဟာ၊ ဘာခေါ်လဲ တော့ မသိဘူး၊ တပ်ကြည့်လိုက်”

လင်းပိုင် ဆိုဖီယာလက်ထဲ ထည့်ပေးလိုက်တာ ဘာများပါလိမ့်။ သူ့ညီမလေး မှုတ်ပြီး ဆော့ တာဆိုတော့ ပူစီဖေါင်းလား၊ ဂီစီလား၊ ပီပီလား။

ဘာတစ်ခုမှမဟုတ်။ အဲဒီ ပစ္စည်းကို ဆိုဖီယာလည်း မခေါ်တတ်။ ပုံစံကတော့ အလှူခံမဏ္ဍပ် မှာ အော်သည့်လော်စပီကာကြီးနှင့်တော့ ဆင်သည်။ ဒါပေမယ့် လော်စပီကာလည်း မဟုတ်ပြန်။

ဂျပန်မလေး လက်ထဲကို ထည့်ကြည့်လိုက်တော့ တိုင်း၍ ယက်သည့် ကဗ္ဗလာ မိုးရွာသည် နှင့် အခန့်သင့်ဆိုသလို ကွက်တိ ဖြစ်နေလေသည်။

“ဟာ မိုက်တယ်ဟ… အခုမှ ကွက်တိပဲ ကြည့်စမ်း”

လင်းပိုင်က အရုပ်လေးကို စိတ်မပါတပါ ကြည့်လိုက်သည်။

“တော်သေးတာပေ့ါဟာ၊ အရုပ်လေးနဲ့ လိုက်သွားလို့”

ဆိုဖီယာက လင်းပိုင်၏ မျက်နှာကို သတိထားကြည့်မိပြီး

“ဟဲ့…နင့်မျက်နှာ ဘယ်လိုဖြစ်နေတာလဲ”

ထိုအခါ လင်းပိုင်က ဆိုဖီယာမျက်နှာကို ကြည့်ပြီး မျက်ရည်များ ဝဲလာလေသည်။

“ဟဲ့ လင်းပိုင် နင် မျက်ရည်တွေ ဝဲနေတယ်၊ ဘာဖြစ်နေတာလဲဟင်”

ဆိုဖီယာ ရင်ထိတ်စွာ မေးသည်။

“ငါ နောက်ဆိုရင် နင်နဲ့တွေ့ရတော့မှာ မဟုတ်ဘူး”

"ဟင်.. ဘာဖြစ်လို့လဲ"

"ငါ အခုန အိမ်မှာ ကစားစရာ ရှာနေတုန်း ဧည့်သည်တွေရောက်လာတယ်၊ သူတို့က ငါ့အဖေ လက်ထဲ ပိုက်ဆံထည့်ပေးပြီး အိမ်ကိုဝယ်လိုက်ပြီတဲ့။ ငါ့အဖေနဲ့အမေက နောက်တစ်ပတ် ဆို ရန်ကုန် ကို ပြောင်းကြတော့မယ်တဲ့။ ငါ့ကိုလည်း ကျောင်းပြောင်းပေးတော့မယ်"

"ဟင်...တကယ်လား"

ဆိုဖီယာ ထိတ်လန့်သွားသည်။

"တကယ်ပြောတာဟ၊ နောက်တစ်ပတ်နေရင် နင်နဲ့ငါ ခွဲရတော့မယ်"

ဆိုဖီယာလေးရင်ထဲမှာ တစ်ခုခု လစ်ဟာသွားသလို ခံစားလိုက်ရသည်။

သူ အားကိုးတွယ်တာရသော တစ်ဦးတည်းသော သူငယ်ချင်း။ သူ့အနားက ထွက်သွားရ တော့မည်တဲ့။

"လပိုင်...အဲဒါဆို နင် ငါ့အနားမှာ ခါတိုင်းလို အတူဆော့လို့ မရတော့ဘူးပေ့ါနော်"

"အေး...ဟင့်"

လင်းပိုင် မျက်ရည်တွေ မထိန်းနိုင်ဘဲ စီးကျလာရာ ဆိုဖီယာလည်း ဝမ်းနည်းပြီး ငိုချလိုက် သည်။

"အီး...ဟီး...ဟီး"

"ငါ့အဖေနဲ့အမေက ရန်ကုန်က အိမ်က အခုအိမ်ထက် နှစ်ဆကောင်းတယ်တဲ့၊ ဒါပေမယ့် ငါ မနေချင်ဘူး။ ငါ ဟိုမှာနေရင် နင်နဲ့တွေ့ရတော့မှာ မဟုတ်ဘူး... အီး...ဟီး"

"ဟင့်...ငါဆို ပိုဆိုးတာပေ့ါ လပိုင်ရယ်... ခါတိုင်းဆို ငါ

ဘယ်လောက်အားငယ်နေနေ အနားမှာ နင်ရှိရင် အားရှိတယ်။ နင်က ငါ လိုချင်သမျှ လိုက်လုပ်ပေးခဲ့တာ၊ နင်မရှိတော့ရင် ငါ တစ်ယောက်တည်း ဘယ်လို နေရမှာလဲဟ… အီး… ဟီး…ဟီဒ”

နုနယ်သော အသည်းနှလုံးပိုင်ရှင် ကလေးနှစ်ယောက် ခွဲရမည်ကို တွေးပြီး ဝမ်းနည်းစွာ ပြိုင် ငိုကြတော့သည်။

“လပိုင်ရယ်…အင့်…ဟင့်…ဟင့်”

“ရေသူမရယ်…အီး…ဟီး…ဟီး”

လင်းပိုင်က ဆိုဖီယာ ပခုံးလေးကို ကိုင်လိုက်ပြီး

“ငါမရှိတော့တဲ့နောက်မှာ နင် ငါပေးတဲ့အရုပ်လေးကို သိမ်းထားနော်… ငါ့အဖေနဲ့အမေ ဒီကို ပြန်လာလည်ခဲ့ရင် ငါ နင့်ဆီပြန်လာခဲ့မယ်။ တကယ်လို့ ပြန်မလာဘူးဆိုရင်တောင် ငါကြီးလာတဲ့ တစ်နေ့နင့်ကို ပြန်လာရှာမယ် သိလား… ဟင့်”

“အေးပါ လပိုင်ရယ်၊ ငါလည်း နင့်ကို အမြဲသတိရနေမှာပါ။ မနက်ဖြန်ရော နင် ကျောင်းတက် ဦးမှာလားဟင်”

“အေး မနက်ဖြန်တော့ ငါ တက်ဦးမယ်၊ ပြီးရင် ငါ့အမေက ကျောင်းပြောင်းဖို့ လုပ်ပေးတော့ မှာ၊ နင် ငါပေးတဲ့ အရုပ်လေးကို သေချာသိမ်းထားနော်၊ ငါတို့ အသက်တွေဘယ်လောက်ကြီးကြီး ဒီထီးမပါတဲ့ ငါတို့ဒီဇိုင်းပြောင်းပေးထားတဲ့ အရုပ်မလေးက အမှတ်တရပဲနော်”

“ငါ သေချာသိမ်းထားမှာပါဟာ၊ နင့်မှာက ငါ လက်ဆောင်ပေးထားတဲ့ပစ္စည်း ဘာမှမရှိ တော့ တကယ်လို့ ငါတို့ကြီးသွားရင် နင့်ကို ဘယ်လို မှတ်မိနိုင်မှာလဲ၊ နင့်ခန္ဓာကိုယ်မှာ ဘာအမှတ် အသားရှိလဲဟင်”

လင်းပိုင်က သေချာစဉ်းစားကြည့်ပြီး

“မျက်နှာမှာတော့ ဘာအမှတ်အသားမှ မရှိဘူးဟ…အဲ နေဦး သိပြီ”

လင်းပိုင်က ပြောပြောဆိုဆို ဆိုဖီယာလေးအား ချိုင်းမြှောက်ပြလိုက်သည်။

“ဒါနဲ့ နင့်မှာရော ဘာအမှတ်အသားရှိလဲ ရေသူမ”

“ငါ့မှာတော့ သူငယ်တန်းတုန်းက နင်တို့နဲ့အတူ ဆော့ရင်း ချော်လဲသွားလို့ တင်ပါးမှာ ကျန်ခဲ့ တဲ့အမာရွတ်ကလွဲပြီး မရှိဘူး။ ဒါပေမယ့် နင် စိတ်ချပါဟာ၊ ငါ နင်ဝယ်ပေးတဲ့ ဒီဂျပန်မလေးကို အမြဲတမ်း ကိုယ်နဲ့မကွာ ဆောင်ထားမှာပါ”

“အေးပါဟာ… ငါလည်း နင့်ကို အမြဲတမ်းသတိရနေမှာပါ။ ဒါနဲ့မနက်ဖြန် ဆရာမက ပန်းငွေ့မိကျောင်းကဗျာ မေးမယ်လို့ပြောထားတယ်နော်၊ နင် ငါ့ကိုဆိုပြပါလား ရေသူမရယ်။ နင်ရမှန်းသိ ပေမယ့် ငါ နောက်ဆုံးအနေနဲ့ နင်ဆိုတဲ့ ဒီကဗျာလေးကို ကြားချင်သေးတယ်”

“နင်ကြားချင်ရင် ငါ ဆိုပြပ့ါမယ်ဟာ”

ဆိုဖီယာက ပါးပေါ်က မျက်ရည်တွေကို သုတ်ရင်း လင်းပိုင်ကို ပန်းငွေ့မိကျောင်းကဗျာလေး ရွတ်ပြလိုက်သည်။

ဒါပေမယ့် ဒီတစ်ခါဆိုတဲ့ အသံကတော့ ငိုသံလေးတွေ စွက်ပြီး တုန်နေခဲ့လေသည်။

“နီနံ့သာဖြူ၊ အတော်ဖက်ပါလို့၊

သည်အငူမော်အတက်မှာလှ၊

ကျော်ကရမက်ကယ်က မွှေးလှတယ်။

ဂိမ်အကူးပေမို့၊ ချိန်ဦးဝသန်မှီလို့၊

ဟန်ချီချီ ပျံပုရစ်တွေက

ဖူးလှစ်စသွယ်။

ရပ်မြေပြင်သည်အလှည့်မှာတော့၊

ခတ်ရွှေရင် ပလီခဲ့တာမို့

ယဉ်နွဲ့နွဲ့ ခိုင်စံပယ်ငယ်၊

မြိုင်လယ်မှ ကြိုင်လှောင်း။

ခပေါင်းပင် နှာမောင်းလိမ်လည်တင်လို့၊

ကြိမ်နွယ်သွင် တစ်မည်ရှိပေငဲ့၊

လေနှင်ရာ ငွေစင်အိသကဲ့သို့

နှစ်အခြေ ခေတ်ရေထိပြန်တော့၊

ချောင်ငူမှာ တောင်သူကို သိရန်ဖို့

ဆန်းပွေးဘိတောင်းတဲ့မှ

ပန်းငွေမိကျောင်း”

ဧနှစ်ဆိုသော အချိန်ကာလက လူတစ်ယောက်ကို မေ့ပစ်ဖို့ လုံလောက်ပါတယ်ဟု ဆိုလျှင် အဲဒီ လူက ခံစားချက်မဲ့သော ပေ့ါပျက်ပျက် အသည်းနှလုံးပိုင်ရှင်ပင် ဖြစ်လိမ့်မည်။

ပြီးတော့ ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့ ဆိုသော စကားကိုတီထွင် ခဲ့သူကလည်း ဘာမှမစဉ်းစားဘဲ ရွတ်လို့ကောင်းရုံ စပ်ထားခဲ့ဟန်တူသည်။ သေသောသူ ကြာရင်မေ့ဆိုလျှင် ဘာလို့ ဗိုလ်ချုပ်အောင်ဆန်းကို အခုထိ မမေ့ကြတုန်း၊ အဲဒီ လို ကပ်ပြောမယ်ဆို ပြောလို့ရသည်။

ချာပြောမယ်ဆိုရင်တော့ ဒီနေ့အချိန်ထိ ကားပေါ်မှာ လက်ပြနှုတ်ဆက်ရင်း ပါသွားသော ကောင်လေး၏ ပုံရိပ်ကို ကောင်မလေးက မမေ့နိုင်သလို မျက်ရည်များဝဲပြီး လက်ပြကျန်ခဲ့သော ကောင်မလေး၏ ပုံရိပ်ကိုလည်း ကောင်လေးရင်ထဲ မှောက်လို့မရ။

"ငါတို့နှစ်ယောက် ဘယ်တော့မှ မမေ့ကြေးနော်" တဲ့။

ပျောက်သောသူ ရှာရင်တွေ့ဆို ပင်လယ်တစ်ခုတည်းမှာရှိပြီး ရေသူမနှင့်လင်းပိုင် မတွေ့ကြ တော့တာ ဘာကြောင့်လဲ။

*